## 15.ဌာန - International College

သင်တန်းအမည် - Bachelor of Science Program in Biological Science (International Program)

ပေးအပ်မည့်ဘွဲ့ - Bachelor of Science (Biological Sciences)

သင်တန်းကြာချိန် - ၄ နှစ်

ဘွဲ့ရရှိပြီးနောက်ရရှိမည့်အလုပ်အကိုင်အခွင့်အလမ်းများ

1. Biological Science နှင့်သက်ဆိုင်သောမည်သည့်ပညာရေးအဖွဲ့အစည်း (သို့) တက္ကသိုလ်များတွင် သင်ကြား ရေး ပြုလုပ်နိုင်ခြင်း။
2. Biological Science နှင့်သက်ဆိုင်သော မည်သည့်နိုင်ငံတကာကျောင်းတွင်မဆို မူလတန်းဆရာ၊ အလယ်တန်း ဆရာများအဖြစ်လုပ်ကိုင်နိုင်ခြင်း။
3. ဇီဝဆိုင်ရာဆက်စပ်ပစ္စည်းများထုတ်လုပ်သည့်ကုမ္ပဏီများ၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဌာနများ တွင် လုပ်ကိုင်နိုင်ခြင်း။
4. အရည်အသွေးကိုထိန်းချုပ်ခြင်းနှင့်အရည်အသွေးကိုအာမခံသည့်ရာထူးများဖြင့် လုပ်ကိုင် နိုင်ခြင်း
5. သုတေသနအဖွဲ့အစည်းများ၊ သုတေသနအစီအစဥ်များတွင် လက်ထောက်သုတေသီများအဖြစ် လုပ်ကိုင်နိုင် ခြင်း။
6. ပုဂ္ဂလိကနှင့်အစိုးရကဏ္ဍများ၏သိပ္ပံနှင်ဆက်စပ်ပစ္စည်းများဖြန့်ဖြူးရေးနှင့်ဝန်ဆောင်မှုပေးရေး လုပ်ငန်းများ တွင် လုပ်ကိုင်နိုင်ခြင်း။
7. အင်္ဂလိပ်စာအရည်အချင်းကောင်းမွန်သောဝန်ထမ်းများလိုအပ်သည့် ပုဂ္ဂလိကဆေးရုံများ (သို့) ဇီဝ ဆေးဝါး ထုတ်လုပ်သည့်ကုမ္ပဏီများ၏ Customer Relations ပိုင်းတွင် လုပ်ကိုင်နိုင်ခြင်း။
8. Biological Science ဆိုင်ရာပစ္စည်းရောင်းချသည့်ကုမ္ပဏီများ (သို့) ဝန်ဆောင်မှုပေးသည့်ကုမ္ပဏီများကို တည် ထောင်နိုင်ခြင်း။
9. Biological Scienceနှင့်ဆက်စပ်နယ်ပယ်များ၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆက်စပ်သော နယ်ပယ်များ ဥပမာ- သွားဘက်ဆိုင်ရာဆေးပညာရပ်၊ တိရစ္ဆာန်ဆေးပညာရပ်၊ ဆေးဝါးပညာရပ် စသည့် နယ်ပယ်များတွင် အဆင့်မြင့်ဘွဲ့များအတွက် ထပ်မံလေ့လာနိုင်ခြင်း။

သင်ယူရရှိမှုရလဒ်များ (PLOs)

PLO1 - ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဖြေရှင်းရာတွင် မတူညီကွဲပြားသော ဇီဝ ဆိုင်ရာနည်းလမ်းများ၏ အသိပညာနှင့် နည်းပညာဆိုင်ရာကျွမ်းကျင်မှုများအသုံးချနိုင်ရန်။

PLO2 - သိပ္ပံဂျာနယ်များ၊ ဇီဝဗေဒဆိုင်ရာ သုတေသန နည်းစနစ်များနှင့် ဆန်းစစ်ချက်များအား ကောက်ချက်ဆွဲ၍ ဝေဖန်အကဲဖြတ်နိုင်ရန်။

PLO3 - သိပ္ပံကျွမ်းကျင်ရပ်ဝန်းမှသူများ သာမက သာမန်လူထုများကိုပါ Biological Science အသိပညာရပ်များကို နှုတ်ဖြင့် ရောစာဖြင့်ပါ ကျွမ်းကျင်စွာ ဆက်သွယ်နိုင်ရန်။

PLO4 - အမှီအခိုကင်းစွာ လုပ်ဆောင်နိုင်စေရန်အတွက် သိပ္ပံနည်းကျ သမာဓိရှိမှု၊ ကျွမ်းကျင်ပိုင်နိုင်မှု နှင့် အရည်အချင်းများကို အသုံးချနိုင်ရန်။

PLO5 - လူ၊ တိရိစ္ဆာန်များနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်တန်ဖိုးများကို ကျင့်သုံးနိုင်ရန်။

PLO6 - မိမိကိုယ်ကိုသာမက အခြားသူများ၏ သုခချမ်းသာနှင့် သဘာဝပတ် ဝန်းကျင်ဆိုင်ရာ အခြေအနေများအတွက် ဆန်းသစ်သော အတွေးအမြင်များကို ပုံဖော်ဖန်တီးနိုင်ရန်။